**ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်ချက်**

**သတင်းထုတ်ပြန်ချက်အမှတ် (၃ /၂၀၂၃)**

၁။ လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများတန်းတူရည်တူရှိကြသည် ဆိုသည့်စာသားဖြင့် အစပြုခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ကို နိုင်ငံများနှင့် လူသားအားလုံးတို့ ဆောင်ရွက်ရမည့် အားလုံးနှင့်ဆိုင်သော စံ တစ်ရပ်အဖြစ် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ထိုအချိန်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင် "လူတိုင်း၊ အဖွဲ့အစည်းတိုင်းသည် ဤကြေညာစာတမ်းကို အစဉ်နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို လေးစားကြစေရန် သင်ကြားခြင်း၊ အသိပညာပေးခြင်းဖြင့် အားထုတ်ကြစေရန်" ဟုဖော်ပြပါရှိရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူများသိရှိနားလည်စေရေး နည်းလမ်းအမျိုးမျိုး အသုံးပြု၍ အသိပညာပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးကပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလုပ်ရှားမှုများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အောက်ပါ လုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ၊ ဌာနတွင်း လူ့အခွင့်အရေးအသိပညာပေးသင်တန်း အပါအဝင် သင်ခန်းစာပို့ချမှုများတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းကို အဓိကဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်း၍ ၂၀၁၁ ခုနှစ် မှ ယနေ့ အချိန် ကာလအထိ အစဉ်တစိုက် ဟောပြောပို့ချမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုကာ ၂၀၁၃ ခုနှစ် တွင် ထုတ်ဝေဖြန့်ချိခဲ့သည့်အပြင် ကြေညာစာတမ်းပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အလွယ်တကူ လက်လှမ်းမီသိရှိ နားလည်နိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းသား ဘာသာစုစုပေါင်း (၂၁) မျိုးထိ ဘာသာပြန်ဆို ပုံနှိပ်ဖြန့်ချိခြင်း၊

(ဂ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူ အလွယ်တကူ လက်လှမ်းမီ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေး

ကြေညာစာတမ်းပိုစတာအား ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အိတ်ဆောင်စာအုပ်အား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အသီးသီး ပုံနှိပ်ဖြန့်ချိခြင်း၊

(ဃ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အမြင်အာရုံ မသန်စွမ်းသူများ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မျက်မမြင်လက်စမ်းစာအုပ် (Braille) အား မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်) နှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခြင်း။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ် ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အလေးပေးထင်ဟပ် ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် ၁၀-၁၂-၂၀၂၃ ရက်နေ့တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလပတ်လုံးကို ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များအား “75 UDHR Campaign” အမည်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း အဆိုပါ “75 UDHR Campaign” တွင် ပူးပေါင်းပါဝင်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အသိပညာပေးလှုပ်ရှားမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဖော်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်